# သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

ကိုယ်စားလှယ်တော်ကြီးများအားလုံးမင်္ဂလာပါ။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ မြို့နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၊တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ကောင်းကျိုး လိုအင်ဆန္ဒအားလုံး တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) မှ ဦးလှထွန်းဖြစ်ပါတယ်။

ယခုကျင်းပပြီးစီးခဲ့တဲ့ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပါဝင်ခဲ့ကြတဲ့ မဲဆန္ဒရှင်ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးကို အထူးကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့်အနေနဲ့ ပဏာမပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျာ။

ဒီနေ့ဟာ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော် ခေါ်ယူကျင်းပနိုင် ရေးဆိုတဲ့ အလွန်ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံတဲ့ အချိန်အခါသမယလည်း ဖြစ်ပါတယ်။ ထို့အတူပဲ ကိုယ်စားလှယ်တော်များက ကျွန်တော့်ကို တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့မှာ သဘာပတိအဖြစ် ယုံကြည်စွာ တာဝန်ပေး

အပ်ခဲ့တဲ့အတွက် ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ သဘာပတိတာဝန်ကို ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့အညီ အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များထဲက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများကို သမာသမတ်ကျကျ စနစ်တကျရွေးချယ်ပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးသွားမှာဘဲ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံးကလည်း ကျွန်တော်တို့ တတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွက် ဒေသအကျိုး၊ ပြည်သူ့အကျိုးကို အမှန်တစ်ကယ် အလုပ်လုပ်နိုင်မဲ့ ကိုယ်စားလှယ်တော်ကြီးများကို စနစ်တကျရွေးချယ် ပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

ယနေ့ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ နိုင်ငံရေးပါတီ(၆)ခုမှ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် (၆၄)ဦးနဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် (၂၁)ဦး စုစုပေါင်း(၈၅)ဦး စုံလင်စွာ တက်ရောက်လာကြတာဖြစ်ပါတယ်။ ဒေသအကျိုး၊ ပြည်သူ့အကျိုး လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ကိုယ်စားလှယ်တစ်တွေဟာ ပါတီစွဲ၊ ဂိုဏ်း ဂဏစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ ပြည်သူက အားကိုးအားထားတဲ့ လွှတ်တော်ကြီးဖြစ်ဖို့ လွှတ်တော်ကိုယ် စားလှယ်များဖြစ်ဖို့ တစ်ညီတစ်ညွတ်တည်း ပူးပေါင်းဆောင်ရွက်ကြပါစို့လို တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။